
သက်သက်စံ
ဘုမ္မဿဘုရင်မနှင့်
သက်ပန်းဝတီ

# ဘုမ္မဃဘုရင်မနှင့် သက်ပန်းဝတီ

မိုးမှောင်ကျသော တစ်ခုသော ညသန်းခေါင်ယံအချိန် ...

တစ်ခြမ်းပဲ့ လကွေးကွေးလေး၏ ပတ်ပတ်လည်တွင် မှိ တ်တုတ်တုတ် ကြယ်ကလေးများ ဝန်းရံလျက်ရှိနေသည် ။ ခမ်းနားလှသော သုမလ္လာနန်းတော်အတွင်း အနိဋ္ဌာရုံမြင်ကွင်းများမှာ မြင်မကောင်း ရှုမကောင်းပေ။ နေရာအနှံ့ မီးများ လောင်ကျွမ်းနေသည် ။ တိုက်ဆင်တွေရဲ့ ကြောက်ခမန်းလိလိအသံ၊ တရကြမ်း ကဆုန်စိုင်းနေတဲ့ မြင်းခွာသံ၊ စစ်သည် ရဲမက်တွေရဲ့ ကြုံးဝါးသံ၊ ဓားချင်းထိခတ်သံ၊ အပျိုတော်တွေရဲ့ ပြေးလွှားအော်ဟစ်သံတွေ ကလေးငယ်တွေရဲ့ ငိုကြွေးသံ ကမ္ဘာပျက်သလို ပွက်ပွက်ညံနေသည် ။

"ကျူပင်ခုတ် ကျူငုတ်မကျန်စေနဲ့ အကုန်သာသတ်ပစ်"

ရက်စက်သော ဘုမ္မဃရဲမက်များ သည် သုမလ္လာ မိဖုရားများ ၏ လက်တွင် ပွေ့ချီထားသော ကလေးငယ်များအား ဆွဲယူလုကာ ခေါင်းအား နံရံဖြင့် တိုက်စေသည် ။ ကလေးငယ်များ ၏ ခေါင်းမှ ဦးနှောက်များ ထွက်ကျလာသည် ကိုမြင်သော် မိခင်မှာ သည်းအူပြတ်မတတ် ခံစားရကာ အရူးတပိုင်း ဖြစ်တော့သည် ။

"ငါတို့ ဘုရင်မ ခွင့်ပြုထားတယ် လုပ်ချင်သလိုသာ လုပ်ကြတဲ့ ဟေ့"

ထိုမျှမက မိဖုရားများ နှင့် မင်းသမီးများ ၏ ကိုယ်မှ အဝတ်လွှာများ

အား ဆွဲချွတ်ကာ လက်ဝတ်ရတနာများကိုလည်း ဖြုတ်ယူကြသည် ။

နားတောင်းများကို အတင်းဆွဲယူကာ ဖြုတ်သောကြောင့် နားတော်မှ သွေးရှင်များ ထွက်တော့သည် ။

"ဒီဟာမနားက အတော်ထူသား ကဲဟာ ... ကဲဟာ"

အသွားထက်လှသော ဓားနှစ်ချက် ဝှေ့ယမ်းလိုက်သည် နှင့် နားတော်မှာ ပူထူသွားကာ နားရွက်နှစ်ဖက် မြေပြင်သို့ ပြုတ်ကျသွားသည် ။ ထိုနားရွက် အပိုင်းအစပေါ်တွင် တော့ စိန်နားတောင်းမှာ တလက်လက် တဖျတ်ဖျတ် တောက်ပနေသည် ။ ရဲမက်ခေါင်းဆောင်သည် ကြမ်းပြင်တွင် တလွန့်လွန့် လှုပ်နေသော နားရွက်ပြတ်အား ကောက်ယူကာ သူ၏ ငယ်သား ရဲမက်ထံသို့ ပစ်ကာပေးလိုက်သည် ။

ထိုရဲမက်သည် စိန်နားတောင်းပါသော နားရွက်ပြတ်အား လက်ဝတ်ရတနာများ ထည့်ထားသော ဂုန်နီအိတ်ထဲသို့ ထည့်လိုက်သည် ။

အား ... ဟင်း

နားရွက်ဖြတ်ခံရသော မိဖုရားသည် နာကျင်လွန်း၍ မြေပြင်တွင် လူးလွန့်နေသည် ။ သူမ၏ လက်တစ်ဖက်တွင် တော့ ရွှေလက်ကောက်များမှာ တချွင်ချွင် ရိုက်ခတ်မြည်နေသည် ။

နောက်ထပ် ရွှတ်ခနဲ လေဝှေ့သံနှင့် အတူ လက်တစ်ဖက်မှာ ပူကျဉ်တက်သွားပြီး ရွှေလက်ကောက်များ သည် လက်ကောက်ဝတ်သို့ လျှောကာ ဆင်းကျသွားသည် ။ ကြမ်းပြင်ရှိ လက်ပြတ်တစ်ဖက်မှာ တော့ လက်ချောင်းများ လှုပ်လဲ့နေကာ တစ်ခဏအကြာတွင် ငြိမ်သက်သွားသည် ။ လက်ကောက်ဝတ်မှ သွေးများ ပန်းထွက်နေသော မိဖုရားသည် တစ်ချက်နှစ်ချက်သာ ညည်းညူနိုင် ပြီးနောက် ငြိမ်သက်သွားသည် ။

"ကြီးကျယ်တဲ့ သာကီမျိုးနွယ်တွေကို သုတ်သင်ကြ"

စစ်နိုင်သော ဘုမ္မဃရဲမက်များ သည် ညတွင်းချင်းပင် သုမလ္လာနန်းရင်ပြင် အနောက်ထောင့် အရပ်တွင် တွင်းနက်တူးကာ မင်းညီမင်းသား၊ မိဖုရားနှင့် မင်းသမီးများအား သတ်ဖြတ်ညှဉ်းပန်းကာ မသေမရှင်ဖြစ်စဉ် အလောင်းအား တွင်းထဲသို့ပစ်ချသည် ။ မိဖုရားနှင့် မင်းသမီးများကိုမူ မသတ်မီ ဝိုင်းကာ ကာမရယူ ပြုကျင့်ကြသေးသည် ။

"ဟား ... ဟား ... ဘာတတ်နိုင်သေးလဲ သာကီမျိုးတွေ"

ဘုမ္မဃ စစ်သည် ရဲမက်များ သည် ဘီလူးသဘက်များ စီးနေသည့် အလား ရက်စက် ကြမ်းကြုတ်ကာ လူစိတ်ပျောက်နေတော့သည် ။

မှန်နန်း ပြာသာဒ်ဆောင်၏ အတွင်းခန်းတွင် တော့ မိဖုရားခေါင် ကေသာဝတီသည် ၂နှစ်မျှသာ ရှိသေးသော သမီးတော် သက်ပန်းဝတီ မင်းသမီးလေးကို ပွေ့ချီထားလျက် အထိန်းတော် မယ်ထားအိုအား တတွတ်တွတ် မှာ နေသည် ။

"ဒီမြေအောက် ရေစီးကြောင်းအတိုင်း လျှော်ခတ်သွား ... ဧရာဝတီ မြစ်ကမ်းပါးထိပေါက်တယ်။ မွန်းတည့်ချိန်ရောက်လျှင် ဂူအဆုံးကို ရောက်သွားလိမ့်မယ်။ အဲဒီကနေ တောင်အရပ်မှာ ရှိတဲ့ လုံလောရွာကိုသွား အဲဒီမှာ သက်ပန်းဝတီလေးရဲ့ ဦးရီးတော်ရှိတယ်။ ဒီလက်စွပ်လေးကို ပြလိုက် သူ မယ်မင်းမနဲ့ မင်းသမီးလေးကို စောင့်ရှောက်ပေးလိမ့်မယ်။ အဲဒီရွာလေးမှာ ပဲ သိုသိုသိပ်သိပ် ဇစ်မြစ်ချနေထိုင် ဒီနန်းတော်ကို ဘယ်တော့မှ ပြန်မလာနဲ့ "

မယ်ထားအိုသည် မိဖုရား အမှာ စကားများကို ဂရုတစိုက်နားထောင်ရင်း လက်ဝတ်ရတနာထုပ်ကို ခါးတွင် မြဲမြံစွာ ချည်လိုက်သည် ။

မိဖုရားသည် သမီးတော်လေး၏ ဖွေးဖွေးဥဥ ပါးပြင်နုနုအား နောက်ဆုံးအနေဖြင့် နမ်းရှိုက်ပြီး အထိန်းတော်လက်ထဲသို့ လွှဲပြောင်းကာ ပေးလိုက်သည် ။

မယ်ထားအိုသည် မြပုခက်တော်အတွင်း နှစ်ခြိုက်စွာ အိပ်ပျော်နေသော သမီးငယ် ခင်ထားလေးကိုကြည့်ရင်း ပါးပြင်မှ တသွင်သွင်စီးလာသော မျက်ရည်များကို ခပ်ကြမ်းကြမ်း သုတ်လိုက်သည် ။

မိဖုရားခေါင်သည် ပလ္လင်အောက်ခြေရှိ လျှို့ဝှက်ခလုတ်တစ်ခုကို နှိပ်လိုက်သော် ပလ္လင်မှာ ညာဘက်သို့ အနည်းငယ်ရွေ့သွားကာ ပလ္လင်နှင့်ကပ်လျက်ရှိသော နံရံမှာ လူတစ်ကိုယ်စာ ဝင်ပေါက်တံခါး ပွင့်သွားသည် ။

မယ်ထားအိုသည် ထိုအပေါက်ငယ် အတွင်းမှ တစ်ဆင့် မြေအောက်ခန်းသို့ ဆင်းသွားသည် ။

မယ်ထားအို ဆင်းသွားသည် နှင့် မိဖုရားသည် ထိုခလုတ်အား ပြန်နှိပ်လိုက်သော် ပလ္လင်မှာ မူမပျက် ယခင်နေရာအတိုင်း ပြန်ရွေ့သွားသည် ။ ထို့နောက် မြပုခက်အတွင်း အိပ်ပျော်နေသော အထိန်းတော် မယ်ထားအို၏ သမီးအား ပွေ့ချီကာ နန်းဆောင်အပြင်ဘက်သို့ ထွက်လိုက်သည် ။

***

ပန်းမျိုးစုံ သင်းပျံ့ထုံမွှေးခဲ့သော ဥယျာဉ်တော်မှာ မီးခိုးငွေ့၊ ယမ်းငွေ့များ ဖြင့် မွန်ထူနေသည် ။ သစ်ပင်၊ ပန်းပင်များမှာ လည်း အပိုင်းပိုင်း အပြတ်ပြတ်၊ ဖြူဆွတ်သော စံပယ်ပန်းပွင့်များ အပေါ်တွင် နီရဲသောသွေးများ စွန်းထင်သွားခဲ့ပြီ။ ငွေမင်ရောင် တစ်ခြမ်းပဲ့ သော်တာလမင်းသည် သူ၏ တာဝန်ချိန် ပြီးဆုံး၍ ပျောက်ကွယ်သွားလေပြီ။ တစ်ဖန် အလင်းရောင်ပေးရန် ပြန်၍ တာဝန်ကျလာသော နေသူရိန်သည် အရှေ့အရပ်မှ အားယူကာ တဖြည်းဖြည်း တိုးထွက်လာတော့သည် ။

မယ်ထားအိုသည် မင်းသမီးလေးအား ပွေ့ပိုက်ရင်း မှောင်မဲ အေးစက်နေသော မြေအောက် ဂူလမ်းအတိုင်း စမ်းတဝါးဝါး လျှောက်ခဲ့သည် ။ ကွမ်းတစ်ယာဝါးစာခန့် လျှောက်ပြီးနောက်တွင် တော့ ခြေဖဝါးသို့ အေးစက်လှသော ရေအထိအတွေ့နှင့် အတူ တစ်စုံတစ်ခုအား တိုက်မိ၍ ခြေသလုံးမှာ နာကျင်သွားသည် ။

ထိုတိုက်မိသောအရာအား စမ်းကြည့်လိုက်သော် နှစ်ယောက်စီး လှေငယ်လေးတစ်စင်း ဖြစ်နေသည် ။

မယ်ထားအိုသည် မင်းသမီးလေးအား လှေငယ်ပေါ်သို့ တင်ပြီးနောက် ချိတ်ထားသော ကြိုးအား ဖြုတ်ကာ တွန်းသွားလိုက်သည် ။

ရေ မှာ တဖြည်းဖြည်းနက်လာကာ ဒူးလယ်လောက်အရောက်တွင် လှေပေါ်သို့တက်ကာ လှော်တက်ဖြင့်ဆန်ကာ လှော်ခတ်ခဲ့သည် ။

ဂူအတွင်း အေးစိမ့်သည့် အပြင် ဒူးအောက်ပိုင်း ရေစိုထားသောကြောင့် ခြေထောက်များ အေးစက်ကာ ကျဉ်တက်နေသည် ။ မင်းသမီးလေး နိုးလာသော် မှောင်မဲနေသော ပတ်ဝန်းကျင်ကိုတွေ့၍ ထိတ်လန့်ကာ စူးစူးရဲရဲ အော်ငိုတော့သည် ။

"တိတ်ပါ မင်းသမီးလေးရယ် ..."

မယ်ထားအိုသည် မင်းသမီးလေးအား ပွေ့ချီကာ နို့ချိုတိုက်ကျွေး လိုက်သော် အနည်းငယ် ငြိမ်သက်သွားသည် ။ ဒီအချိန် ငါ့သမီး ခင်ထား လေးလည်း နို့ဆာနေရှာမှာ ပဲ ... အို ... ဘုမ္မဃ ဘုရင်မကလည်း စစ်နိုင် သွားပြီ။ သမီးခင်ထားလေးကို မင်းသမီးလေးလို့ ထင်မှတ်နေတော့ အ သက်ချမ်းသာပေးပါ့မလား ... ဟု တွေးမိသော် ပါးပြင်သို့ မျက်ရည်များ တလိမ့်လိမ့် စီးကျလာသည် ။

အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်လိုက်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည် ။ သခင်တို့ အတွက် အသက်ပေးရ တာ ဂုဏ်ယူလိုက်ပါ သမီးရယ်လို့ တိုးတိုးလေး ရေရွတ်ရင်း နှုတ်ခမ်းမှ စီးကျလာသော သွေးစများကို သုတ်လိုက်သည် ။

ဘုမ္မဃ ဘုရင်မဇီတာသည် ဆင်တော်မှ ဆင်းသက်ကာ ပလ္လင်အထ က်တွင် နေရာယူလိုက်သည် ။

သူ၏ ရှေ့မှောက်တွင် တော့ သုမလ္လာ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါ င်မှာ ဒူးထောက်လျက် အံကိုကြိတ် တိတ်ဆိတ်နေသည် ။ ဇီတာဘုရင်မ သည် ဘီလူးမ၏ သမီးတော်ဖြစ်သော်လည်း အလှနတ်ဖုရားဟု တင်စား ရလောက်ပင် လှပလွန်းသည် ။ စစ်ဝတ်တန်ဆာချပ်များ ဝတ်ဆင်ထား သော်လည်း သူမ၏ ကျစ်လျစ်ကြွံခိုင်သော ခန္ဓာကိုယ် ကောက်ကြောင်း မှာ ပေါ်လွင်နေသည် ။

ချွေးစို့နေသော မျက်နှာတော်မှာ တစ်မျိုး စွဲမက်ဖွယ်ကောင်းသည် ။ ဆံနွယ်များအား နဖူးတွင် အပြောင်သိမ်း၍ ဆံထုံးကို ခပ်မြင့်မြင့် တင်းကျပ်စွာ ထုံးထားသည် ။ လုံးဝန်းသော နှာတံမှာ ချွေးများ စို့ကာ ပြောင်လက်နေသည် ။ ဖြူဝင်းမွတ်နေသော ပါးပြင်ထက်တွင် တော့ သွေးအနည်းငယ် စွန်းထင်နေသည် ။

ကော့ညွတ်ရှည်လျားသော မျက်တောင်အောက်မှ မျက်ဝန်းများမှာ အလွန်စူးရှသည် ။

ဘုရင်မသည် သုမလ္လာမင်းအား စူးစူးစိုက်စိုက်ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်လိုက်သည် ။

ဘုရင်မ၏ အသံသြသြမှာ သူမ၏ ရုပ်ရည်သွင်ပြင်နှင့် ပင် မလိုက်ဖက်ပေ။

"ကြီးမြတ်လှတဲ့ သာကီဝင် သုမလ္လာမင်း ယခုတော့ သင် ငါ့ခြေရင်းမှာ ခစားနေရပြီ မဟုတ်ပါလား ဟား ... ဟား"

"အို ... ယက္ခအနွယ်ဝင် မကောင်းဆိုးဝါးမ ... ယုတ်ညံ့တဲ့ နည်းတွေနဲ့ ငါ၏ နန်းတော်ကို သိမ်းပိုက်နိုင်ပေမယ့် ငါသင့်ကို ဘယ်သောအခါမှ အညံ့ခံမည်မဟုတ်"

ဘုရင်မဇီတာသည် သန်လျက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အသားများ တဆတ်ဆတ် တုန်လာသည် ။

ဘုမ္မဃနှင့် သုမလ္လာသည် စီးပွားကူးသန်း ရောင်းဝယ်ဖောက်ကားလျက် နှစ်ပြည်ထောင် ချစ်ကြည်ရေးလမ်း ဖောက်ထားသော တိုင်းပြည်များ ဖြစ်သည် ။ ချစ်ကြည်ရေး ရှေးရှုကာ ဘုမ္မဃ ဘုရင်သည် သုမလ္လာမင်းထံ သမီးတော် ဇီတာမင်းသမီးလေးကို ဆက်သခဲ့သည် ။ သို့သော် ... သုမလ္လာမင်းသည် ဇီတာအား ဘီလူးမမှ မွေးသော သမီးတော်ဖြစ်၍ မိဖုရားအရာ မမြှောက်နိုင်ကြောင်း ငြင်းဆိုခဲ့သည် ။

ထိုအချိန် ဇီတာမှာ သက်တော် ၁၄နှစ်သာသာ ရှိသေးသည် ။ သုမလ္လာမင်း၏ ငြင်းဆိုမှုကြောင့် တိုင်းသိပြည်သိ အရှက်တော် ကွဲခဲ့ရသည်ကိုမမေ့ ငြိုးကာထားသည် ။

ဘုမ္မဃဘုရင် နတ်ရွာစံပြီးနောက်တွင် တော့ ထီးနန်းဆက်ခံသူ သားတော်မရှိ၍ ရဲစွမ်းထက်မြက် ရှိသော သမီးတော် ဇီတာကိုသာ ထီးနန်းလွှဲအပ်ခဲ့သည် ။ ဇီတာ ထီးနန်းဆက်ခံစဉ် သက်တော် ၁၉နှစ်သာ ရှိသေးသည် ။ ဇီတာဘုရင်မ ဖြစ်ပြီးသည် နှင့် ဦးစွာသိမ်းပိုက် စစ်ချီသော တိုင်းပြည်မှာ သုမလ္လာ တိုင်းပြည်ပင်ဖြစ်သည် ။

ငါ့အား နှိမ်ခဲ့ ငြင်းဆိုခဲ့သော သုမလ္လာမင်း ... ငါ့ရဲ့ နာကြည်းချက်နှင့် ဂုဏ်သိက္ခာအတွက် ကလဲ့စားချေနိုင်ခဲ့လေပြီ။

နေစောင်းသည် နှင့် သုမလ္လာနဲ့ မိဖုရားခေါင်အား မြို့လယ်မှာ ခေါင်းဖြတ်ကွပ်မျက်စေ။ ဦးခေါင်းအား မြို့ရိုးနံရံမှာ ချိတ်ကာ ကျီးစားစေ ... ခန္ဓာကိုယ်အား မြစ်ထဲသို့ပစ်ချကာ ငါးစားစေ။

သုမလ္လာတိုင်းပြည်ကို ငါ ဘုမ္မဃဘုရင်မ ယနေ့မှ စအုပ်ချုပ်မည် ... ပုန်ကန်သူမှန်သမျှ တွေ့ရာနေရာတွင် မဆိုင်းမတွ ခေါင်းဖြတ်သတ်ကာ ဆွေစဉ်ခုနစ်ဆက် မင်းပြစ်ဒဏ်သင့်မည့် သစ္စာခံ ရဲစွမ်းသတ္တိ ရှိသူများကိုကား ထိုက်တန်စွာ ချီးမြှောက်မည်။

သုမလ္လာတိုင်းပြည်သည် ဘုမ္မဃတိုင်းပြည်ထက် ပို၍ ရေခံမြေခံကောင်းသည် ။ စိုက်ပျိုးရေး မှာ လည်း လွန်စွာဖြစ်ထွန်းကာ တိုင်းပြည်အတွင်း သဘာဝမှ ပေးသော သယံဇာတများ လည်း ပို၍ ပေါများ သည် ။

ဇီတာဘုရင်မသည် တိုင်းပြည် နှစ်ပြည်ထောင်အား တစ်ခုတည်းအဖြစ် ပေါင်းဖွဲ့လိုက်ကာ စံမြန်းရာ နန်းတော်ကိုတော့ သုမလ္လာတိုင်းပြည်တွင် သာ အသစ်ပြန်လည် တည်ဆောက်ရန် အစီအစဉ် ချခဲ့သည် ။

ဇီတာဘုရင်မသည် ငယ်စဉ် မင်းသမီးဘဝကပင် ခမည်းတော်နှင့် ဆရာများ ထံမှ ဓားရေး၊ လှံရေး စစ်ဗျူဟာများကို သင်ယူခဲ့ရသည့် အပြင်

မယ်တော် ယက္ခမိဖုရားထံမှ လည်း ဂါထာမန္တာန်များ နှင့် စက်ယန္တရား ပညာရပ်များကို သင်ယူခဲ့ရသည် ။

ကြိုးစားလေ့လာသည့် အပြင် ပါရမီပါလေသောကြောင့် မယ်တော် ယက္ခမိဖုရားထက်ပင် မန္တာန်နှင့် စက်ယန္တရား အတတ်ပညာများကို ပို၍ ကျွမ်းကျင်စွာ တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့သည် ။

အဝေးမှ အလင်းရောင်ကို တွေ့လိုက်၍ မယ်ထားအို အားတက်သွားသည် ။ ဂူအဆုံးသို့ ရောက်ချေပြီလေ။ ဂူအပေါက်ငယ်မှ ထွက်သော် ကျယ်ပြန့်သော မြစ်ရေကို တွေ့လိုက်ရသည် ။ မွန်းတည့်ချိန်ဖြစ်၍ ရေပြင်ထက်တွင် တံလျှပ်များ တဖျတ်ဖျတ် ရိုက်ခတ်နေသည် ။

အမှောင်ထဲမှ ရုတ်တရက် ထွက်လာရသည် မို့ မျက်လုံးများ ပင် ကျိန်းစက်သွားသည် ။

လှေငယ်အား အနီးဆုံးကမ်းစပ်သို့ ဦးတည်ကာ လှော်ခတ်လိုက်သည် ။ သူမ၏ လှေငယ်လေး ထွက်ခဲ့သော ထုံးကျောက်ဂူပေါ်သို့ လှမ်းကြည့်လိုက်သော် ထုံးဖြူဖြူ စေတီလေးတစ်ဆူ တည်ထားသည် ကို တွေ့လိုက်ရသည် ။ ထို့ပြင် ထုံးကျောက်ဂူ နံရံများ အပေါ်တွင် လည်း မြတ်စွာဘုရား ရုပ်ပွားတော်ပုံများ ထွင်းထုထားသည် ။

မယ်ထားအိုသည် လက်စုံယှက်လျက် ...

"တပည့်တော်မ နောင်ဖြစ်လေရာ ဘဝအဆက်ဆက် ဤကဲ့သို့သော မိသားစု ပြိုကွဲ ပျက်စီးရခြင်းမျိုး မကြုံပါရစေနှင့် " ဟူ၍ ဆုတောင်းလိုက်မိသည် ။

လှေငယ်လေး ကမ်းသို့ကပ်သည် နှင့် မင်းသမီးလေးကို ပွေ့ချီကာ ဆင်းခဲ့သည် ။ ပူပြင်းသော ရွှံ့နုန်းမြေအား နင်းမိ၍ ခြေထောက်မှာ ပူစပ်

သွားသည် ။ အပေါ်ပူ အောက်ပူ … အညာနွေ ပူပြင်းလွန်းပါလား။ ဆိပ်ကမ်း ဇရပ်အိုအတွင်းဝင်ကာ ခေတ္တအမောဖြေရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သော် လူအရိပ်အယောင် မတွေ့ရပေ။ မွန်းတည့်ချိန်ဖြစ်၍ အပြင်သို့မထွက်ကာ အနားယူနေကြမည် ထင်ပါရဲ့ ။

ဂွီ …။

တစ်ညလုံး တစ်မနက်လုံး အစားတစ်လုတ်မျှ မဝင်သေးသောကြောင့် အစာအိမ်မှ လည်း အချက်ပေးနေလေပြီ။ သောက်ရေအိုးငယ်ထဲမှ ရေနှစ်ခွက်သုံးခွက် ခပ်သောက်ကာ ဖြည့်တင်းလိုက်သည် ။ မင်းသမီးလေးလည်း ရေဆာသည် ဆိုသောကြောင့် တစ်ခွက် ခပ်တိုက်လိုက်သည် ။

ရွှေလင်ပန်းနှင့် အချင်းဆေးကာ မွေးခဲ့သော မင်းသမီးလေးမှာလည်း ယခုအချိန်တွင် တော့ ကွဲအက်ပေကျံနေသော အုန်းမှုတ်ခွက်ဖြင့်သာ ရေသောက်ရတော့သည် ။

ချလွင် … ချလွင်

ထိုအချိန် အဝေးမှ ခြူသံကြား၍ လှမ်းမျှော်ကြည့်လိုက်သော် နွားလှည်းတစ်စီး တအိအိ မောင်းနှင်လာသည် ကို တွေ့လိုက်ရသော် မင်းသမီးလေးအား ပွေ့ချီကာ လမ်းပေါ်သို့ တက်ခဲ့သည် ။

"ဟေး ဘယ်အရပ် သွားပေမလို့ လဲကွဲ့"

နွားလှည်းမောင်းသူ ဘကြီးသည် နဖားကြိုးကိုသပ်ရင်း လှည်းရပ်လိုက်သည် ။

"တောင်အရပ်က လုံလောရွာပါ အဘ"

"လမ်းကြုံသွားပဲကွဲ့ လှည်းပေါ်တက်ချေ"

"ကျေးဇူးပါ အဘ"

"ကလေးမလေး နေပူနေမယ် ရော့ ... ခမောက်ဆောင်းထား နေက တယ်ပြင်းတယ်ကွဲ့"

မယ်ထားအိုသည် လှည်းဆရာအဘ ပစ်ပေးသော ခမောက်အား ကောက်ယူကာ မင်းသမီးလေးကို ဆောင်းပေးလိုက်သည်။

လေပွေ လေရူးများမှာ တဟူးဟူး တိုက်ခတ်နေသည် ။ အရိပ်မရှိသော ဖုန်ထူထူလမ်းတွင် အတော်ကြာ မောင်းနှင်ပြီးနောက်မှာ တော့ ရွာလမ်းဝသို့ ရောက်ခဲ့သည် ။ ရွာလမ်းတစ်လျှောက်တွင် တမာပင်၊ ထနောင်းပင်ကြီးများ ဖြင့် အုံ့မှိုင်းနေသည် ။

"နွေထနောင်း ဆောင်းမန်ကျည်း" ဆိုသည့် အတိုင်း နွားလှည်းလေး ထနောင်းပင်အရိပ်အောက် ရောက်သည် နှင့် အေးချမ်းကာ အမောပြေသွားတော့သည် ။

သုမလ္လာတိုင်းပြည်အား ဇီတာဘုရင်မ သိမ်းပိုက်ပြီးနောက် အသစ်တည်ဆောက်ခဲ့သော ဘုမ္မဃ နန်းတော် နန်းမြို့ရိုး တံတိုင်းများမှာ လူ့အရပ် လေးပြန်စာမက မြင့်မား၍ ခိုင်ခံ့သော အုတ်သဲကျောက် များ ဖြင့် ထုထည်ကြီးမားစွာ တည်ဆောက်ခဲ့သည် ။ ထိုမြို့ရိုး တည်ဆောက်စဉ် တိုင်းပြည်တစ်ခုလုံးရှိ တိုင်းသူပြည်သားများကို အတင်းအကျပ် လုပ်အားပေး ခိုင်းစေခဲ့သည် ။ တစ်အိမ်ထောင် လူငါးယောက် ရှိလျှင် ငါးယောက် ကလေးငယ်များ နှင့် သက်ကြီးများ ပါမကျန် ဆွဲခေါ်ကာ ခိုင်းစေသည် ။

အလွန်ပူပြင်းသော နေရောင်အောက်တွင် မရပ်မနား ပင်ပန်းစွာ လုပ်ကိုင်ရသောကြောင့် နာမကျန်းဖြစ်သူ အပူရှပ်သူ မတော်တဆ ဖြစ်သူများ ဖြင့် သေဆုံးသူ များ ပြားခဲ့သည် ။

ဘုရင်မသည် ထိုသေဆုံးသူများအား မြို့ရိုးအောက်တွင် သာ မြှုပ်စေကာ မြို့တံတိုင်း အစောင့်များ အဖြစ် ဝိညာဉ်များကို ဖမ်းချုပ်ကာ တာဝန်ပေးအပ်ခဲ့သည် ။ ထိုမြို့ရိုးတွင် လုပ်အားပေးရင်း စတေးခံရသူ အစောင့်ဝိညာဉ်ပေါင်း ၂၀၀ခန့်ရှိသည် ။ ထို့ပြင် မြို့ရိုးတံခါးမ လေးဖက်လေးရံအတွက် စတေးခံရမည့် သူကိုလည်း သေချာစွာ စီရင်ရွေးခဲ့သည် ။

အရှေ့မြို့ရိုးတံခါး တည်မည့် နေရာတွင် မြေကျင်းတူးကာ နေ့စေ့လစေ့ ကိုယ်ဝန်သည် မိန်းမအား အရှင်လတ်လတ် တွင်းထဲပစ်ချကာ ဆင်ရိုင်းဖြင့် နင်းသတ်စေသည် ။ ဆင်ဖြင့် နင်းသတ်ရာတွင် ပထမတစ်ချက်တည်းဖြင့် ဗိုက်ပေါက်ကာ ကလေးသည် အပြင်ဘက်သို့ ထွက်ကာကျသည် ။ မိခင်သည် သွေးပွက်ပွက်အန်ကာ မျက်လုံးများ ပြူးလျက် သေဆုံးခဲ့သည် ။ ဆင်ဒုတိယအကြိမ် နင်းချိန်တွင် တော့ ကလေးငယ်မှာ ဖွတ်ဖွတ်ညက်ညက်ကြေကာ မြေပြင်နှင့် တစ်သားတည်း ဖြစ်သွားတော့သည် ။

ထိုနေရာတွင် တိုင်ထူ၍ မြေပြန်မြှုပ်ကာ တံခါးမကို တည်ဆောက်ခဲ့သည် ။

အနောက်မြို့ရိုး တံခါးတွင် တော့ စနေနံ သမားတော်တစ်ဦးအား အရှင်လတ်လတ် မီးရှို့ကာ အစောင့်ဝိညာဉ်အဖြစ် ဖမ်းချုပ် တာဝန်ပေးခဲ့သည် ။ တောင်ဘက်မြို့ရိုးတံခါး တည်မည့် နေရာတွင် ပြည့်တန်ဆာ အမျိုးသမီးတစ်ဦး၏ ဦးခေါင်းအားဖြတ်ကာ မြှုပ်နှံခဲ့သည် ။

မြောက်ဘက် မြို့ရိုးတံခါးတွင် တော့ ယခင်မင်းဆက်၏ အရွယ်ရောက် သန့်စင်သော သွေးသားဖြင့် ယစ်ပူဇော်ရမည် ဖြစ်သောကြောင့် တစ်ဦးတည်းကျန်သော မင်းသမီး သက်ပန်းဝတီအား မသတ်ကာ

ထိန်းသိမ်းထားစေခဲ့သည် ။ မင်းသမီး၏ သက်တော် ၁၆နှစ်ပြည့်လျှင် ထိုမြို့ရိုးတံခါးတွင် ယစ်ပူဇော်ခံရမည်ဖြစ်သည် ။ သန့်စင်သော သွေးသားဖြစ်စေရန် အလို့ ငှာ မင်းသမီးနန်းဆောင်အား သံချာခုနစ်ဆင့် ကာရံ၍ နန်းဆောင်အနီးသို့ ယောကျ်ားသားများအား ဝင်ရောက်ခွင့်မပြုကာ ခြေတစ်ဖက် ကျူးကျော်ပါက ခြေဖြတ် လက်တစ်ဖက် ကျူးကျော်ပါက လက်ဖြတ်ဟူ၍ အမိန့်ထုတ်ခဲ့သည် ။

***

# အပိုင်း(၂)

နေအတော်စောင်းပြီ ဖြစ်သော်လည်း အလင်းရောင်မှာ လုံးလုံး မပျောက်ကွယ်သေးပေ။ မြို့ရိုးတွင် သုမလ္လာ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်၏ ဦးခေါင်းပြတ်အား ချိတ်ဆွဲထားသည် ။ သေဆုံး သည့် တိုင်အောင် သူတို့ နှစ်ဦးလုံး၏ မျက်နှာထားမှာ တင်းမာနေဆဲ မျက်လုံးများမှာ လည်း ပွင့်လျက်သား ဖြစ်နေသည် ။ လည်ပင်းမှ နီညိုရောင် ကပ်စေးစေး သွေးပျစ်များ သည် တစ်စက်ချင်း အားယူကာ စီးကျနေသည် ။

မြို့ပြင်သုသာန်ရှိ ငှက်ဆိုးများ သည် သွေးညှီနံ့ရသည် နှင့် အညှီအဟောက်ရှိရာသို့ တစ်ဟု န်ထိုး ပျံသန်းလာကြသည် ။

ဧရာမ စွန်ရဲကြီးသည် ပြူးကျယ်နေသော မျက်လုံးအား ထိုးဖောက်ကာ ကိုက်ချီသွားသည် ။ ကျန်ငှက်ဆိုးများမှာ လည်း နှုတ်ခမ်း နှာခေါင်းနှင့် အသားများအား ထိုးဆိတ်ကာ စားနေကြသည် ။ မျက်နှာပြင်ရှိ အသားများကုန်သော် ဦးနှောက်များအား ဖောက်ကာစားသည် ။ တစ်ခဏအတွင်းမှာ ပင် ဘုရင်နှင့် မိဖုရား၏ ဦးခေါင်းတော်မှာ အကျည်းတန်ပျက်စီးသွားတော့သည် ။

ထိုအချိန် ဧရာဝတီမြစ်လယ်တွင် ဝုန်းခနဲ အသံနှင့် အတူ ဘုရင်နှင့် မိဖုရား၏ ဦးခေါင်းမပါသော ရုပ်အလောင်းမှာ ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားသည် ။ ထိုအလောင်းအနီးသို့ ငါးများ ဝိုင်းအုံ

လာကာ ထိုးဆိတ်စားတော့သည် ။ ကြီးမြတ်လှသော သာကီမျိုး သုမ လ္လာဘုရင်နှင့် မိဖုရားခေါင်၏ ရုပ်အလောင်းမှာ တော့ ခေါင်းတစ်ပိုင်း ကိုယ်တစ်ပိုင်း ကျီးစာ၊ ငါးစာများ ဖြစ်ခဲ့ရတော့သည် ။

လက်ပံပင်ကြီးများ ဖြင့် အုံ့မှိုင်းနေသော ခြံဝိုင်း ... ဝန်းတစ်ခုလုံး လက်ပံပွင့်များ ကြွေကျ ပြန့်ကျဲကာ ရဲရဲတောက်နေတော့သည် ။ သမားတော် ဦးဒိပ္ပသည် ဝိုင်းထောင့်တစ်နေရာရှိ မြေကွက်လပ်တွင် မီးဖိုကာ ဆေးမြစ်များကျိုရန် ပြင်ဆင်နေသည် ။

"ဘကြီးရေ ... ဘကြီး ... ဝတီ ငါးတွေအများကြီး ရလာတယ်"

ခြံဝိုင်းထဲသို့ အပြေးဝင်လာသော တူမတော် သက်ပန်းဝတီ ... လက် တစ်ဖက်တွင် နှီးတွဲတစ်ခုအား ကိုင်ထားသည် ။ ထိုနှီးတွဲတွင် ငါးများ ချိ တ်ဆွဲထားသည် ။ ကျန်လက်တစ်ဖက်တွင် တော့ မကြီးမသေး အလတ် စား ဓားမြှောင်တစ်ချောင်းကို ကိုင်ဆောင်ထားသည် ။ ကျောတွင် လည်း နှီးပလိုင်းကို လွယ်ထားသေးသည် ။

အချိန်တွေတောင် ကြာခဲ့ပြီပဲ ... လွန်ခဲ့သော ၁၃နှစ်ခန့် ... ဘုမ္မဃ ဇီ တာဘုရင်မသည် သုမလ္လာ နန်းတော်အား စစ်ချီသိမ်းပိုက်ပြီးနောက် သု မလ္လာဘုရင်နှင့် သွေးသားများအား လက်စမကျန်စေရန် ရက်ရက်စက်စ က် သုတ်သင် ရှင်းလင်းခဲ့သည် ။

ဦးဒိပ္ပသည် မင်းဆွေမင်းမျိုးဖြစ်ကာ အဆင့် ၁ နန်းတွင်းသမားတော် ဖြစ်သော်လည်း နန်းတော်မှ ထွက်ကာ နယ်လှည့်ဆေးကုသရင်း ဤလုံ လောရွာလေးတွင် သာ အခြေချ နေထိုင်ခဲ့သည် မှာ ကြာပြီ။ အဘယ် ကြောင့် ဆိုသော် လုံလောရွာ၏ အနောက်ဘက်တွင် တည်ရှိနေသော ဂင်္ဂါတောင်တန်းသည် အဖိုးတန် ဆေးမြစ် သစ်ဥသစ်ဖုများ ပေါများ သောကြောင့် ဖြစ်သည် ။

သုမလ္လာနန်းတော် မပျက်စီးစဉ်ကပင် ညီမတော် ကောသာဝတီ မိဖုရားခေါင်သည် သူ့အား နန်းတော်သို့ပြန်လာရန် အဖန်ဖန် နားချခဲ့သည်။ သူသည် လည်း နန်းတော်သို့ပြန်ရန် ဆုံးဖြတ်ချက်ချပြီး ကာမှ ဘုမ္မဃဘုရင်မဇီတာသည် သုမလ္လာနန်းတော်ကို သိမ်းပိုက်လိုက်ပြီဆိုသော သတင်း ကြားလိုက်ရသည်။

နန်းတော်အတွင်းရှိ ညီမတော်နှင့် တူမတော်အား စိုးရိမ်၍ ချက်ချင်း နန်းတော်သို့ပြန်ရန် ပြင်ဆင်နေစဉ်မှာ ပင် အမျိုးသမီးတစ်ဦးသည် ၂နှစ်သားအရွယ် ကလေးမလေးတစ်ဦးအား လက်ဆွဲရင်း သူ့ထံသို့ ရောက်လာခဲ့သည်။

ထိုအမျိုးသမီးသည် အလွန်ပင်ပန်း မောဟိုက်နေဟန်တူသည်။ သူ့ကိုတွေ့သည် နှင့် မည်သည့် စကားမျှ မဆိုကာ လက်စွပ်တစ်ကွင်းသာ ထုတ်ပေးခဲ့သည်။ ထိုလက်စွပ်သည် ညီမတော် မိဖုရားခေါင်၏ ကျောက်စိမ်းလက်စွပ်သာ ဖြစ်သည်။ လက်စွပ်အတွင်းသားတွင် ဘိုးဘွားတို့ ၏ အမှတ်သင်္ကေတ ဟင်္သာပုံကို ထွင်းထားသည်။

ဦးဒိပ္ပသည် ကလေးငယ်အား စူးစမ်းလိုက်သော် ထိုကလေးမသည် ညီမတော် ကောသာဝတီနှင့် အလွန်ပင်တူလှသည်။ သူသည် ညီမတော် ပဋိသန္ဓေ မတည်စဉ်ကပင် နန်းပြင်သို့ ထွက်သွားသောကြောင့် တူမတော်လေးကိုလည်း တစ်ခါမျှ မတွေ့ဖူးခဲ့ချေ။ အတွေးများ စွာဖြင့် အမျိုးသမီးအား ကြည့်လိုက်သော် ထိုအမျိုးသမီးသည် ညှိုးငယ်သောမျက်နှာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထိုအချိန်မှ စ၍ ဦးဒိပ္ပ၏ ဘဝတွင် ဝတီလေး ရောက်လာခဲ့သည်။ မိဖုရားခေါင် ကောသာဝတီသည် သူ၏ သမီးတော် သက်ပန်းဝတီ မင်းသမီးလေးအား အထိန်းတော် မယ်ထားအို၏ သမီးနှင့် ကလေးချင်း

လဲလှယ်စေကာ နန်းတော်အတွင်းရှိ လျှို့ဝှက်မြေအောက် ရေကြောင်းလမ်းမှ တစ်ဆင့် ထွက်ပြေး စေခဲ့သည် ။

အထိန်းတော် မယ်ထားအိုသည် လွန်စွာသစ္စာရှိသော အမှုထမ်းဖြစ်သည် ။ သူ၏ ခင်ပွန်းဖြစ်သူ စစ်သူကြီးမှာ တိုင်းပြည်အတွက် အသက်ပေးရင်း စစ်ပွဲတွင် ကျဆုံးခဲ့သည့် အပြင် သမီးရင်းဖြစ်သူအား လူစားလဲစတေးစေကာ မင်းသမီးလေးကို ကယ်တင်ခဲ့သည် မှာ ကြက်သီးထလောက်အောင်ပင် ချီးကျူးဖွယ်ကောင်းသည် ။

သို့သော် သူ၏ သမီးဖြစ်သူအား အပြစ်မကင်းသည့် စိတ်ဖြင့် နေ့နေ့ညည လွမ်းဆွတ်သတိရရင်း အိပ်ရာထဲလဲကာ နာမကျန်းဖြစ်ခဲ့သည် ။ ဦးဒိပ္ပသည် အလွန်အစွမ်းထက်သော နန်းတွင်းသမားတော်ဖြစ်၍ မည်သည့် ရောဂါမဆို ကုသနိုင်သော်လည်း မယ်ထားအို၏ စိတ်ဒဏ်ရာကိုတော့ မကုသနိုင်ခဲ့ပေ။

သိပ်မကြာပေ ... မယ်ထားအိုသည် "ခင်ထား ... သမီးလေးခင်ထား . .. အမေ့ကို ခွင့်လွှတ်ပါ" ဟူ၍ တီးတိုးရေရွတ်ရင်း ဘဝတစ်ပါးသို့ ပြောင်းခဲ့သည် ။

ဦးဒိပ္ပအား တစ်ရွာလုံးရှိ လူများမှာ သာမန်သမားတော်ဟု သာ သိ၍ သက်ပန်းဝတီကိုလည်း သမားတော်၏ တူမဟု သာ သိထားကြသည် ။ တူမတော်၏ သက်ပန်းဝတီဆိုသော အမည်တွင် ရှေ့မှ သက်ပန်းအားဖြုတ်ကာ ဝတီဟု သာ ပြောင်းခဲ့သည် ။

မိဖုရားခေါင်၏ နောက်ဆုံးဆန္ဒအရ တူဝရီးနှစ်ယောက် လုံလောရွာတွင် တိတ်တဆိတ် ဖစ်မြစ်ချ နေထိုင်ခဲ့သည် မှာ ဝတီလေး ၁၅နှစ်အရွယ်ပင် ရောက်လာခဲ့ပြီ။

"ဘကြီး ... ဘာတွေတွေးနေတာလဲ ဒီမှာ ကြည့်ဦး ဝတီ ဘာတွေရခဲ့

လဲလို့ "

ဝတီသည် ပလိုင်းအတွင်းမှ ခူးယူလာသော ဆေးမြစ်များအား တစ်ခုချင်းစီထုတ်ကာ ပြလိုက်သည်။

ထိုမှ သာ ဦးဒိပ္ပသည် အတွေးများ ရပ်တန့်ကာ ဝတီခူးလာသော ဆေးမြစ် တစ်ခုချင်းစီကို အသေအချာ ကြည့်လိုက်သည်။

"လောင်ပန်းဂမုန်း ညို့ကွင်းဂမုန်း ... ဘိုးတော်သက်ရှည်"

"ဘကြီး ... ဂမုန်းတွေရဲ့ အစွမ်းကိုတော့ ဝတီသိတယ်။ ဒီဘိုးတော်သက်ရှည်က ဘာအတွက် ကောင်းလဲဟင်"

"ဘိုးတော်သက်ရှည်က ကိုယ်ခံအားကို ကောင်းစေတယ် ... တွေ့ရဖို့လည်း ရှားတယ်။ ကဲ ... ဆေးမြစ်တွေထားခဲ့ အဘ ဆေးကြောပြီး သိမ်းဆည်းလိုက်မယ်။ သမီးက ရေသွားချိုးချေတော့ နေစောင်းနေပြီ အဘရေခပ်ပေးထားတယ်"

"အဘရယ် ဘာလို့ ပင်ပင်ပန်းပန်းတွေ လုပ်ရတာလဲ။ ဝတီမြစ်ကမ်းမှာ သွားချိုးလည်း ရတာပဲကိုး"

"ရော် ခက်ပါလား ဝတီ သမီးဟာ ငယ်ငယ်တုန်းကလို နေချင်သလိုနေလို့ မရတော့ဘူး။ အရွယ်ရောက်နေပြီ ထိန်းထိန်းသိမ်းသိမ်း ဆင်ဆင်ခြင်ခြင် နေရတော့မယ်။ ဒီနေ့ကစပြီး မြစ်ကမ်းမှာ ရေမချိုးရတော့ဘူး။ ဝိုင်းထဲမှာ ပဲ ချိုးရမယ် ဟုတ်ပြီလား"

"အဘကလည်း ရွာထဲက သူဇာတို့ မိလုံးတို့ လည်း မြစ်ကမ်းမှာ ချိုးကြတာပဲကိုး"

"အဘစကား နားထောင်ပါ သမီးရယ်"

"မြန်မြန် သွားချိုးချေတော့ အဘ ငါးကင်ထားပေးမယ်"

ဝတီသည် အလိုမကျခြင်းများ စွာဖြင့် ဆူအောင့်ကာ ထွက်ခဲ့သည် ။ ဦးဒိပ္ပသည် ဝတီ၏ ကျောပြင်ကိုကြည့်ရင်း သက်ပြင်းချလိုက်မိသည် ။ မည်သို့ပင် ဆိုစေကာမူ သူသည် တူမတော်လေး သက်ပန်းဝတီအား မှဲ့တစ်ပေါက်မစွန်းစေရန် ကာကွယ်ရမည့် တာဝန်ရှိသည် ။

ဇီတာဘုရင်မသည် ခိုင်ခံ့သော မြို့ရိုးအပြင် ရန်သူများ မကျူးကျော်နိုင်ရန် ကျုံးများကိုလည်း ၁၀နှစ်ကြာသည် အထိ အချိန်ယူကာ စနစ်တကျ တည်ဆောက်ခဲ့သည် ။

အရှေ့အရပ်နှင့် တောင်အရပ် ပတ်ပတ်လည်တွင် ရေကျုံးများ ဖော်ခဲ့သည် ။ ထိုရေကျုံးထဲတွင် ရေအပြည့်ရှိနေကာ ငါး၊ မိကျောင်း၊ လိပ်၊ ရေအောင်းသတ္တဝါများ စွာ လူးလွန့် မြူးတူးနေကြသည် ။

ရန်သူများ သည် ရေကျုံးကို ဖြတ်မည်ဆိုပါက အသားစား မိကျောင်းကြီးများကို သတ်ပုတ်ပြီး နိုင်မှ သာလျှင် ဖြတ်နိုင်မည်ဖြစ်သည် ။

အနောက်အရပ်တွင် တော့ ညွန့်ကျုံး ပြုလုပ်ခဲ့သည် ။ ထိုညွန့်ကျုံးထဲမှ ရွှံ့များ သည် သာမန်ရွှံ့များ မဟုတ်ပေ။ ထိုရွှံ့ထဲသို့ လူဖြစ်စေ၊ ကျွဲ၊ နွား၊ မြင်းဖြစ်စေ နင်းမိသည် နှင့် ဝါးတစ်ပြန်မက နွံထဲသို့ နစ်မြုပ်ကာ အသက်ရှင်ရန်အကြောင်း မရှိတော့ပေ။

မြောက်အရပ်တွင် တော့ ကျုံးချောက်ရှိသည် ။ နက်ရှိုင်းသော ချောက်၏ အောက်ခြေတွင် ကျောက်ဆူးချွန်၊ အဆိပ်ပြင်းသော ဆူးပင်များ ၊ မြွေဆိုး၊ ကင်းဆိုးများ ရှိနေသည် ။ လူ၏ ပေါင်လုံးမက ကြီးမားသော စပါးကြီး၊ စပါးအုံး၊ တောမြွေဟောက်၊ ငန်းပုတ်၊ မြွေဆိုးတွေဟာ အပေါ်မှ ကျလာမည့် သားကောင်ကို ဝါးမျိုဖို့ အသင့်ရှိနေကြသည် ။

ကျုံးချောက် အောက်ခြေတွင် အသားစားသော ဧရာမ ပုရွက်ဆိတ်မည်းကြီးများ လည်း အစုလိုက် ရှိနေသည် ။ ထိုပုရွက်ဆိတ်များ သည် လက်သီးဆုပ်နီးပါး ကြီးမားကာ အလွန်အဆိပ်ပြင်းသည် ။

ကျုံးချောက်အတွင်း၌ အဆိပ်ရှိသော သတ္တဝါအချင်းချင်း မာန်ဖီကိုက်ဖြတ်သံ အစာလုသံတွေကို ကြောက်ခမန်းလိလိ ကြားရသည် ။

ထိုကြောက်မက်ဖွယ် အကောင်များအား တောနက် တောင်နက်ထဲတွင် ကျွမ်းကျင်သော သားလိုက်မုဆိုးများ နှစ်အတော်ကြာ အချိန်ယူကာ ခက်ခက်ခဲခဲ ဖမ်းဆီးခဲ့ရသည် ။ မြို့ရိုးကြားတွင် တော့ လျှို့ဝှက်တံတား ပျဉ်ပြားများ တပ်ဆင်ထားသည် ။ ထိုပျဉ်ပြားကြီးများကို ကြိုးစက်ဖြင့် ကျုံးပေါ်သို့ တဖြည်းဖြည်းချပေးမှ သာ ချောက်နက်ကြီးပေါ်သို့ လူနှင့် ဆင်မြင်းများ ဖြတ်နိုင်မည်။ ထိုပျဉ်ပြားမှာ လည်း စစ်တိုက်သည့် အချိန် အရေးပေါ်မှ သာ မိမိတပ်သားများအား ကူရန်လုပ်ထားသည့် မြို့ရိုးနံရံ အကြား တပ်ဆင်ထားသော လျှို့ဝှက်တံတား အရှင်ဖြစ်တယ်။

၎င်းပျဉ်ထူ တံတားချသည့် လျှို့ဝှက်ခလုတ် စက်ယန္တရားကိုလည်း ဘုရင်မ၊ စစ်သူကြီးနဲ့ တံခါးမှူးမှ လွဲ၍ တခြားသူ မသိရပေ။

ဇီတာဘုရင်မသည် ရန်သူများ နှင့် တိုင်းပြည် သစ္စာဖောက်များအား အပြစ်ပေးမည်ဆိုလျှင် ထိုကျုံးချောက်ထဲကို ပစ်ချ၍ သားရဲများ အစားခံစေသည် ။

ဘုမ္မဃ ဘုရင်မဇီတာ၏ သတင်းမှာ နန်းတော်တွင် သာမက တခြားတိုင်းပြည်များ အထိပါ ပျံ့နှံ့နေသည် ။

ဘုရင်မသည် လှပသည် ။ ပြတ်သားသည် ။ ထက်မြက်သည် ။ ရက်စက်သည့် နေရာတွင် လည်း ပြိုင်ဘက်မရှိနိုင်ပေ။

ရာသီတွေ တရွေ့ရွေ့ ကုန်ဆုံးလာသည် ။

ဘုမ္မဃဘုရင်မ၏ သက်တော်ပင် ၃၄နှစ်ရှိလေပြီ။ သို့သော် ဘုရင်မ၏ အလှမှာ တော့ မှေးမှိန် အိုမင်းသွားခြင်းမရှိကာ နဂိုထက်ပင် ပိုပို၍ လှပနေတော့သည် ။

ဘုရင်မ၏ ထက်မြက်မှုနှင့် အလှဂုဏ်သတင်းကြောင့် တိုင်းတစ်ပါး ဘုရင်များ သည် ဘုမ္မဃ တိုင်းပြည်သို့ သံတမန်များ စေလွှတ်ကာ ရွှေလမ်းငွေလမ်းဖောက် လက်ဆက်ကမ်းလှမ်းသော်လည်း ဘုမ္မဃ ဘုရင်မသည် ပြတ်ပြတ်သားသားပင် ငြင်းဆိုသည် ။ သူ့အတွက် ကြင်ရာတော် မလိုအပ်ပေ။

သူမအလိုရှိလျှင် တံခါးစောင့်များ ၊ ရဲမက်များ ခေါ်ယူကာ ပျော်ပါးသည် ။ သူမအတွက် အသွေးအသား ဆန္ဒမှာ တစ်ညတာသာဖြစ်သည် ။ စွဲစွဲလမ်းလမ်း ခံစားချက်မျိုးလည်း မရှိပေ။ သူမနှစ်သက်လျှင်တော့ ထိုသူအား ထပ်ခါထပ်ခါ ခေါ်ယူသည် ။ သို့သော် တခြား မည်သည့် အခွင့်အရေးမျှ ရမည်မဟုတ်ပေ။

သူမအား ပြုစုပေးရသော ကျွန်သည် ထိုညပြီးလျှင် ၎င်း၏ နေရာတွင် သာ ပုံမှန်အတိုင်း ရေငုံနှုတ်ပိတ်နေလျှင် အသက်ရှင်နိုင်သည် ။ ဘုရင်မနှင့် ပျော်ပါးခဲ့သည် အား နှုတ်မစောင့်စည်းကာ ပြောဆိုမိခဲ့လျှင်တော့ သူ၏ ကံတရားမှာ လွန်စွာ ဆိုးဝါးသွားလိမ့်မည်ဖြစ်သည် ။

နေစောင်းသွားပြီ ဖြစ်သော်လည်း ကောင်းကင်မှာ နီရဲတောက်နေသည် ။ ထို့နောက် တိမ်စိုင်တိမ်မဲများ တလိမ့်လိမ့် တက်လာသည် ။ လင်းလက်သော လျှပ်စီးများ လည်း တဖျတ်ဖျတ် ပေါ်လာသည် ။ မိုးခြိမ်းသံများ ထစ်ချုန်းလာသည် ။ မကြာမီ မိုးသည်းထန်စွာ ရွာတော့မည့် အရိပ်အခြည်ပင် ဖြစ်သည် ။

ကျုံးချောက်အနီးတွင် တော့ လူငယ်တစ်ဦး လက်နှစ်ဖက်အား နောက်ပြန် ကြိုးတုပ်ခံထားရကာ ဒူးထောက်လျက်သားရှိသည် ။ အပေါ်ပိုင်း အဝတ်ဗလာဖြစ်နေ၍ သူ၏ ကျယ်ပြန့်သော ရင်အုပ်နှင့် လက်မောင်းမှ ဖုထစ်နေသော ကြွက်သားများကို အထင်းသား မြင်နေရသည် ။

သူ၏ မျက်နှာတွင် တော့ သွေးမရှိ ဖျော့တော့ကာ အကြောက်တရားများ ကြီးစိုးနေသည် ။ နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေ၍ မည်မျှ ထိတ်လန့်တုန်လှုပ်နေမည်ဆိုတာ ခန့်မှန်းမိသည် ။

"မိုးရွာတော့မယ်ဟေ့ အချိန်မဆွဲနဲ့ တော့ ဘုရင်မ အမိန့်အတိုင်း မြန်မြန်စီရင်ချေ"

ပါးကွပ်သားစီရင်သူ ခေါင်းဆောင် အမိန့်ချလိုက်သည် နှင့် ရဲမက်များ သည် ထိုသူအား လက်မောင်းနှစ်ဖက်မှ ဆွဲယူကာ ချောက်အတွင်းသို့ ပစ်ချလိုက်သည် ။

"မလုပ် မလုပ်ပါနဲ့ ... အား ..."

ကြောက်မက်ဖွယ် အော်သံကြောင့် မြို့ရိုးတံတိုင်းတွင် နားနေသော ငှက်အုပ်များ ပင် ထိတ်လန့်တကြား ထပျံပြေးတော့သည် ။ ထိုသူသည် ကျုံးချောက်အောက်ခြေရှိ အသားစား ဧရာမ ပုရွက်ဆိတ်အုံထဲသို့ တည့်တည့်ကျကာ စက္ကန့်ပိုင်းအတွင်းပင် အသားတစ်စမျှမရှိတော့ အရိုးပြိုင်းပြိုင်း ကျသွားတော့သည် ။

စင်စစ် သူသည် ဘုမ္မဃဘုရင်မ၏ နန်းဆောင်တံခါးစောင့် ရဲမက်တစ်ဦးဖြစ်သည် ။ ဘုရင်မနှင့် တစ်ညတာ ပျော်ပါးခွင့်ရသည် ကို နှုတ်စည်းမစောင့်၍ တခြားရဲမက်များအား ကြွားဝါပြောဆိုမိ သောကြောင့် ဤသို့ အပြစ်ပေးခံရခြင်းဖြစ်သည် ။

သံကွန်ချာခုနစ်ဆင့် ကာရံထားသော နန်းဆောင်အတွင်း ငယ်ရွယ်နုပျိုသော မိန်းမပျို တစ်ဦးသည် သူမ၏ ဆိုးဝါးလှသော အနာဂတ်အား တွေးကာ ရင်မောနေတော့သည် ။

ထိုသူမှာ အထိန်းတော် မယ်ထားအို၏ သမီး ခင်ထားဖြစ်သည် ။ သို့သော် ဘုရင်မအပါအဝင် အားလုံးသောသူများမှာ သူမအား သုမလ္လာပြည့်ရှင်မင်း၏ သမီးတော် သက်ပန်းဝတီဟု သာ ထင်ကြသည် ။ သူမကိုယ်တိုင်လည်း ဘုရင့်သမီးတော် သက်ပန်းဝတီဟု သာ သိထားသည် ။

သူမ သိတတ်စအရွယ်ကပင် ဤနန်းဆောင်ထဲတွင် ပိတ်လှောင်ကာ နေခဲ့ရသည် ။ နန်းဆောင်အပြင်သို့လည်း ထွက်ခွင့်မရှိ အထိန်းတော် အမျိုးသမီး အမှုထမ်းများ ၏ လက်ထဲတွင် သာ ကြီးပြင်းခဲ့ရသည် ။

လေသာပြတင်းမှ တစ်ဆင့် အဝေးသို့ လှမ်းမျှော်ကြည့်လိုက်သော် ထူးထူးဆန်းဆန်း ပုံပန်းသဏ္ဌာန်နှင့် လူတစ်ဦးအား တွေ့လိုက်ရသည် ။ ထိုသူ၏ ခန္ဓာကိုယ် အချိုးအဆစ်မှာ သူမနှင့် မတူ တမူကွဲပြားနေသည် ။

၁၃နှစ်တာအတွင်း သူမနန်းဆောင်အနီးတွင် အမှုထမ်း အမျိုးသမီးများမှ လွဲ တခြားလူ အရိပ်အယောင် မတွေ့ရပေ။

ထိုသူသည် သူမနန်းဆောင်ရှေ့ ဥယျာဉ်ထဲတွင် တစ်ခုခု ရှာနေဟန်တူသည် ။ ထူးထူးဆန်းဆန်း ပုံပန်းသဏ္ဌာန်နှင့် ထိုသူကိုတွေ့သော် လူငယ်ပီပီ စူးစမ်းလေ့လာချင်စိတ် ဖြစ်မိသည် ။ ထို့ကြောင့် အထိန်းတော် မယ်အူအား လှမ်းခေါ်မေးလိုက်သည် ။

"အကြီးမယ်အူ ... ဟိုးမှာ တွေ့လား အဲဒါက ဘယ်သူလဲ သက်ပန်း တစ်ခါမှ သူ့လိုလူ မတွေ့ဖူးဘူး သူ့ပုံစံက ထူးခြားတယ်။ မယ်အူသိရင် သက်ပန်းကို ပြောပြပါ"

အထိန်းတော် မယ်အူသည် မင်းသမီးလေး ညွှန်ပြသောနေရာသို့ ကြည့်လိုက်သော်

"အိုး ... ဒုက္ခပါပဲ"

အထိတ်တလန့် ရေရွတ်လိုက်ပြီး နန်းဆောင်အောက်သို့ အလျင်အမြန် ဆင်းပြေးသွားတော့သည်။

***

## အပိုင်း(၃)

"မင်းသား ... ရပ်တော်မူပါ။ ဤနေရာကား ကန့်သတ်နယ်မြေဖြစ်၍ ယောကျ်ားသားများ ဝင်ခွင့်မရှိပါ"

"ဤနေရာ ကန့်သတ်နယ်မြေဆိုတာ သိတယ်။ ဒါပေမဲ့ ကျွန်ုပ်ရဲ့ ယုန်ကလေး ဥယျာဉ်ထဲ ဝင်ပြေးသွားလို့ လိုက်ဖမ်းနေတာပါ။ ယုန်လေး ဖမ်းမိသွားရင် ထွက်သွားပါ့မယ်။ ကျွန်ုပ် မည်သူ့ကိုမှ အနှောင့်အယှက် ပေးမည် မဟုတ်ပါ"

"စိုးရွံ့မိပါတယ် မင်းသား ... ဥယျာဉ်အတွင်း ယောကျ်ားသားများ မဝင်ရန် ဘုရင်မကိုယ်တိုင် တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ပြန်ထားလို့ တားမြစ်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်မျိုးမကို ခွင့်လွှတ်ပေးပါ"

"ကျွတ် ... ခက်ပါရောလား ... သက်ပန်းဝတီ မင်းသမီးဟာ ယစ်ပူဇော်ခံဖို့ ထိန်းသိမ်းထားတဲ့ အပျိုစင်ဆိုတာ ကျွန်ုပ် ကောင်းကောင်း နားလည်သဘောပေါက်ပါတယ် ... မင်းသမီးကို ထိပါးမည့် အကြံအစည် တစိုးမျှမရှိဘူး ကျွန်ုပ်၏ ယုန်လေး ရှာရုံပါပဲ"

မင်းသားဗျဂ္ဂသည် အမှုထမ်း အမျိုးသမီးအား စိတ်မရှည်စွာရှင်းပြရင်း ရုတ်တရက် လေသာပြတင်းသို့ မော့ကာအကြည့် သူ့အား စူးစိုက်ကြည့်နေသော မင်းသမီးနှင့် အကြည့်ချင်းဆုံချိန်ဝယ် ...

"နုပျိုပြီး ချစ်စရာကောင်းလိုက်တာ သူတောင် ဖူးပွင့်တဲ့ အရွယ် ရော

က် လာပြီပဲ။ ယစ်ပူဇော်ခံလိုက်ရမှာ နှမြောစရာ ကောင်းလိုက်ပါဘိ" ဟူ၍ စိတ်ထဲ တွေးလိုက်မိသည် ။

မင်းသားဗျဂ္ဃသည် ဘုမ္မဃဘုရင်မ၏ အားကိုးချစ်ခင်ရသော တူတော်ဖြစ်သည် ။ စားရေး၊ လုံရေး ကျွမ်းကျင်ရုံသာမက ရုပ်ရည်သွင်ပြင်မှာ လည်း အလွန်ချောမော၍ နန်းတော်အတွင်း ပျိုတိုင်းကြိုက်သောနှင်းဆီခိုင်ဖြစ်နေသည် ။ သို့သော် မင်းသားသည် ဘုရင်မ၏ တူတော်ဆိုသော အခွင့်အာဏာအား မသုံးကာ သာမန်စစ်သူကြီးကဲ့သို့သာ တည်တည်ကြည်ကြည် နေသည် ။

အဒေါ်ဖြစ်သူ ဘုရင်မဇီတာမှာ လွန်စွာ ရက်စက် ကြမ်းကြုတ်သော်လည်း တူတော် ဗျဂ္ဃမင်းသားမှာ မူ နူးညံ့သိမ်မွေ့လွန်းသည် ။ ယခုလည်း သူ၏ ယုန်ငယ်လေး ပြေးလွှားဆော့ကစားရာသို့ လိုက်ဖမ်းရင်းမှ ကန့်သတ်နယ်မြေသို့ ရောက်လာခြင်းဖြစ်သည် ။

ထိုဥယျာဉ်တော်အတွင်းရှိ သံကွန်ချာခုနစ်ဆင့် ကာရံထားသော နန်းဆောင်တွင် ယခင် စစ်ရှုံးမင်း၏ သမီးတော်ဖြစ်သော သက်ပန်းဝတီအား ထိန်းသိမ်းထားသည် ဟု သိရသည် ။ အကြောင်းမှာ နတ်ဆရာများသည် မြောက်မြို့ရိုးတံခါးတွင် အရွယ်ရောက် သန့်စင်သော သာကီမျိုးနွယ်၏ သွေးသားဖြင့် ယစ်ပူဇော် စတေးခံရမည်ဟု တွက်ချက်ထားသောကြောင့် ဖြစ်သည် ။ ထို့ကြောင့် ဇီတာဘုရင်မသည် စစ်ရှုံးဘုရင်၏ သွေးသားများအား တစ်ယောက်မကျန် သုတ်သင်ခဲ့သော်လည်း မင်းသမီးငယ်လေး ကိုတော့ အသက်ရှင်ချန်ထား၍ သန့်စင်သော သွေးသားဖြစ်စေရန် အလို့ ငှာ သေချာစွာ စောင့်ကြည့် ထိန်းသိမ်းထားစေခဲ့သည် ။

အနီးကပ်ခစားရသော အမှုထမ်း အမျိုးသမီးများမှ လွဲ၍ သက်ပန်းဝတီ မင်းသမီးအား တခြားမည်သူမျှ မတွေ့ဖူးပေ။ မင်းသမီးသည် လည်း

ထို့အတူပင် အထိန်းတော်မယ်အူနှင့် အစေခံ အပျိုတော်များမှ လွဲ တခြား မည်သူ့ကိုမျှ မတွေ့ဖူး မမြင်ဖူးပေ။

ထို့ကြောင့် သူမအမြင်ထဲ တမူထူးခြားနေသော မင်းသားဗျဂ္ဂအား စိတ်ဝင်စားကာ အကဲခတ် ကြည့်နေမိသည် ။ သူမ ကြည့်နေရင်းပင် စံပယ်ရုံအတွင်းမှ အမြီးတလှုပ်လှုပ် ယမ်းခါနေသော ယုန်ဖြူလေးတစ်ကောင်ကို တွေ့လိုက်ရသော် ...

"မယ်အူ ... သက်ပန်းကို စံပယ်ရုံထဲက အကောင်လေးဖမ်းပေးပါ" ဟူ၍ လှမ်းအော်လိုက်သည် ။

မင်းသမီး၏ အသံကြောင့် အမူထမ်းမယ်အူနှင့် မင်းသားဗျဂ္ဂ နှစ်ဦးစလုံး စံပယ်ရုံသို့ ကြည့်လိုက်သော် အမြီးတလှုပ်လှုပ် ယမ်းခါနေသော ယုန်ငယ်ကို တွေ့လိုက်သည် ။

"မင်းက ဒီထဲရောက်နေတာကိုး" ဟု ဆိုကာ မင်းသားသည် ယုန်လေးအား ကောက်ယူကာ ပွေ့လိုက်သည် ။

"ကဲ ... ကျွန်ုပ်ရဲ့ ယုန်လေးလည်း ဖမ်းမိပြီဆိုတော့ မယ်မင်းကို အခက်တွေ့အောင် မလုပ်တော့ဘူး ဒါနဲ့ မင်းသမီးက ယုန်လေးကို လိုချင်နေတဲ့ ပုံပဲ ရော့ လက်ဆောင်အဖြစ် ကျွန်ုပ် ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် မင်းသား"

မင်းသားဗျဂ္ဂသည် အမူထမ်း မယ်အူလက်ထဲသို့ ယုန်လေးကို ထည့်ပေးပြီးနောက် ပြာသာဒ်ဆောင်ပေါ်မှ မင်းသမီးလေးကို တစ်ချက် မော့ကြည့်လိုက်သည် ။

မင်းသမီးသည် သူ့အား အထူးအဆန်းသဖွယ် ကြည့်နေဆဲပင်။ သူမ၏ ဝိုင်းစက်စက် မျက်လုံးများမှာ ယုန်ငယ်ထက်ပင် ဖြူစင် တောက်ပလှ

န်းနေသည် ။

မင်းသားသည် မသက်မသာ သက်ပြင်းချရင်း ဥယျာဉ်မှ ထွက်ခဲ့တော့သည် ။ သူ၏ ကျောပြင်ကိုတော့ မင်းသမီးလေး မျက်စိတစ်ဆုံးကြည့်နေမှာ သိသော်လည်း ပြန်လှည့်မကြည့် ဖြစ်တော့ပေ။

မင်းသမီးသည် ယုန်ငယ်လေး၏ ကျောပြင်ကို ညင်သာစွာ ပွတ်သပ်ရင်း သဘောကျနေမိသည် ။

"ချစ်စရာကောင်းလိုက်တာ အမွေးလေးက အိနေတာပဲ အကြီးမယ်အူ ဒီအကောင်လေးကို ဘာလို့ ခေါ်လဲ"

"ယုန်လို့ ခေါ်ပါတယ် မင်းသမီး"

"ယုန်လေး ယုန်လေး ... ဟော့ ယုန်လေး ပြန်ထူးလေ"

မင်းသမီးကိုကြည့်ရင်း မယ်အူ ကရုဏာသက်မိသည် ။ ဒီနှစ်ဆို မင်းသမီးလေးတောင် သက်တော်၁၅နှစ် ရှိလေပြီ။ ၁၆နှစ်ပြည့်လျှင် မြို့ရိုးတံခါးအတွက် စတေးခံရတော့မည်လေ။

"အကြီးမယ်အူ ခုနကသူက ဘယ်သူလဲ သူက သက်ပန်းတို့ နဲ့ လည်း မတူဘူးနော် ပုံစံက တစ်မျိုးပဲ"

မင်းသမီး၏ အမေးကို မယ်အူ ချက်ချင်းမဖြေနိုင် ... ခေတ္တမျှ စဉ်းစားပြီးနောက် ...

"အဲဒါက ဘုရင်မဇီတာရဲ့ တူတော် ဗျဂ္ဂမင်းသားလို့ ခေါ်တယ် ကျွန်တော်မျိုးမတို့ နှင့် မတူရသည် က သူက ယောကျ်ားသားတစ်ဦး ဖြစ်နေလို့ ပါ"

"ယောကျ်ားသား ဟုတ်လား ယောကျ်ားသားဆိုတာ ဘာလဲ"

မင်းသမီးလေး ထပ်မေးသော မေးခွန်းကို မယ်အူ မည်သို့ဖြေရမှန်း မသိတော့ပေ။ တစ်သက်လုံး ဤနန်းဆောင်တွင် ပိတ်လှောင်ခံရသော မင်းသမီးသည် ယောကျ်ားသားများကိုလည်း တစ်ခါမျှ မတွေ့ဖူးပေ။

"ဒီလို မင်းသမီးလေးရဲ့ လူတွေမှာ ယောကျ်ားနဲ့ မိန်းမဆိုပြီး နှစ်မျိုးရှိတယ်။ မင်းသမီးလေးနဲ့ ကျွန်တော်မျိုးမတို့ တွေက မိန်းမတွေပေ့ါ။ ခုနက မင်းသမီးတွေ့တဲ့ ဗျဂ္ဂမင်းသားကတော့ ယောကျ်ားသားပေ့ါ။ ဟောဒီနန်းတော်ထဲမှာ မင်းသားဗျဂ္ဂလို ယောကျ်ားသားတွေ အများကြီး ရှိသေးတယ်"

"ဟင် ဟုတ်လား လူအတူတူချင်းကို ယောကျ်ားနဲ့ မိန်းမဆိုပြီး ဘာလို့ ကွဲသွားရတာလဲ"

"အင်း ဒါက သဘာဝပေ့ါကွယ်။ လူ့လောကမှာ အဲဒီယောကျ်ားသားနဲ့ မိန်းမသားတွေ ပေါင်းဖက်ပြီး ကလေးတွေမွေး လူဦးရေတွေ တိုးပွားလာတာပေ့ါ"

"ကလေး ဟုတ်လား ... ကလေးက ဘယ်လိုမျိုးလေးလဲ"

"ကလေးဆိုတာ သေးသေးလေးနဲ့ အလွန်ချစ်စရာကောင်းတယ် မင်းသမီးလေး မြင်သာအောင် ပြောပြရရင်တော့ ဒီယုန်ပေါက်လေးလိုပေ့ါ"

မယ်အူ၏ စကားကြောင့် မင်းသမီးလေးသည် ယုန်လေးကိုကြည့်ရင်း ...

"သက်ပန်း ကလေးတွေအများကြီး လိုချင်လိုက်တာ ပြီးတော့ ဒီနန်းဆောင်ထဲမှာ လည်း မနေချင်တော့ဘူး အရမ်းမွန်းကျပ်တာပဲ။ အပြင်လောကမှာ သက်ပန်းမသိတာတွေ အများကြီး ရှိနေလိမ့်မယ် သက်ပန်းကို ဘုရင်မက ဘယ်တော့မှ လွှတ်ပေးမှာ လဲဟင်"

"ဟူး ... တစ်နေ့ပေါ့ကွယ်"

မယ်အူသည် မင်းသမီးလေး၏ ဆံနွယ်စများအား ပွတ်သပ်ပေးရင်း နှစ်သိမ့်လိုက်သည် ။ အဲဒီတစ်နေ့ဆိုတာ မင်းသမီး လူ့လောကကနေ ထွက်သွားရမယ့်နေ့ရယ်လို့ ပြောမထွက်ခဲ့ပေ။

အရုဏ်ဦး နေရောင်ခြည်သည် အရှေ့ဘက် တောင်တန်းဆီမှ ထွက်စပြု လာလေပြီ။

"သာကရ ... ရေ ဟေ့ သာကရ"

သာကရသည် ဝိုင်းအပြင်ဘက်ဆီမှ ဝတီ၏ ခေါ်သံကြား၍ ပန်းပဲဖို အတွင်းမှ ထွက်လာလိုက်သည် ။

"စောစောစီးစီးပါလား ဝတီ လာ အထဲဝင်လေ"

"မဝင်တော့ဘူးဟ ... အဘနဲ့ ဆေးမြစ်သွားရှာရဦးမယ်။ ငါနင့်ကို လုပ်ခိုင်းထားတဲ့ ဓားရပြီလားလို့ လာမေးတာ"

"ရတော့မယ်လေ အသွားသွေးဖို့ ပဲ ကျန်တော့တာ ညနေကျရင် ငါ လာပို့ပေးမယ်လေ"

"အဲဒါဆိုလည်း ပြီးရော ငါသွားတော့မယ် ဘကြီးစောင့်နေလို့ နင်ဘာမှာ ဦးမလဲ"

"မမှာ တော့ပါဘူး သတိထားသွားနော်။ ရွာထဲကသူတွေ ပြောတာကြားတယ် ခုတလော တောင်ပေါ်မှာ မြွေဆိုးတွေ ထွက်ထွက်လာလို့ တဲ့ "

"အဲဒီမြွေတွေလောက်ကတော့ ဝတီတို့ က မမှုပါဘူး ... ဟဲဟဲ သွားပြီဟေ့"

သာကရသည် ရယ်ကျဲကျဲဖြင့် ထွက်သွားသော သူငယ်ချင်းမ ဝတီကို ကြည့်ရင်း ပြုံးမိသည် ။

ဝတီသည် သူနှင့် ငယ်စဉ်ကပင် အတူကြီးပြင်း ဆော့ကစားခဲ့သော သူငယ်ချင်း ဖြစ်သည့် အပြင် တမူထူးခြားသော မိန်းကလေးဖြစ်သည် ။ ရွာထဲရှိ တခြားမိန်ကလေးများ သည် တောင်ယာ ကောက်စိုက်နှင့် ယက်ကန်းစသည့် အလုပ်များကိုသာ လုပ်ကြသည် ။

ဝတီမှာ မူ ငယ်စဉ်ကပင် သူမ၏ ဘကြီးဖြစ်သူ သမားတော် ဦးဒိပ္ပနှင့် အတူ တောင်ပေါ်တက် ဆေးမြစ်ရှာရင်း အမဲပစ်သည် ၊ ငါးဖမ်းသည် စသော ယောကျာ်းသားများ လုပ်သော အလုပ်များကို စိတ်ဝင်စားသည် ။

ပါရမီရှိသည် လို့ ဆိုရမည်လား ... ဝတီသည် လက်ဦးဆရာ မရှိပါပဲ ဓားး၊ လှံနှင့် လေးအတတ်ပညာကို တတ်ကျွမ်းသည် ။ စနစ်တကျ သင်ယူထားခြင်းမရှိ၍ ကျွမ်းကျွမ်းကျင်ကျင် မဟုတ်သော်လည်း မိမိကိုယ်ကို ကာကွယ်နိုင်လောက်သည့် အနေအထားလောက်ထိတော့ တတ်မြောက်သည် ။

သာကရသည် ဝတီအတွက် ပြုလုပ်ထားသော ဓားရှည်အား တံစဉ်းဖြင့် ပွတ်တိုက်ညှိလိုက်သည် ။ ဆရာရှိစဉ်ကတော့ ဤပန်းပဲဖိုသည် ပန်းပဲလုပ်သားပေါင်း များ စွာဖြင့် စည်ကားလွန်းခဲ့သည် ။

၂၄နာရီ မီးဖိုထား၍ ဖိုမင်ဆရာမှ ဓားပုံကြမ်းထွက်အောင် အကွေ့အကောက်အဝိုက် ထုလုပ်သည် ။ ဓားပုံကြမ်းထွက်လျှင် ဂိုက်ဆွဲဆရာမှ သံချေးခွာကာ ဓားအသွား ညီညာဖြောင့်တန်းအောင် တံစဉ်းဖြင့် ပွတ်တိုက်ညှိယူသည် ။ ထို့မှ တစ်ဆင့် ပန်းပဲပညာရှင်က ဓားအရှည်အသွေးကို စစ်ဆေးပြီး တံစဉ်းဖြင့် ပွတ်တိုက်ညှိယူထားသည့် နေရာကို မြေဆီနှင့်

ပွတ်ကာ အမာကျောတင်ပေးပြီး ရေနှင့် ဆေးခြင်းကို ပြုလုပ်ရသည် ။ ထိုအချိန်တွင် အပူနှင့် အအေးတွေ့၍ ရှန်းကန်သည့် ဓာတ် ရှိသောကြောင့် အနည်းအကျဉ်း ကောက်တတ်၍ ပန်းပဲဆရာက လိုသလို ပြန်ဖြောင့်ယူမှ သာ ဓားသွေးသူက အဆင်ပြေချောမွေ့စွာ သွေးပြီး ဓားကောင်း တစ်လက် ရရှိမည်ဖြစ်သည် ။

အနီးအနားတစ်ဝိုက်တွင် အကြီးဆုံးဖြစ်သည့် သာကရတို့ ၏ ပန်းပဲဖိုမှ ကိုင်းခုတ်ဓား၊ တောင်ယာခုတ်ဓား၊ ငှက်ကြီးတောင်၊ ငါးဖယ်ခုံးဓားမြှောင် စသည် ဖြင့် အရည်အသွေး ပြည့်မီသော ဓားအမျိုးမျိုးကို ထုတ်လုပ်နိုင်ခဲ့သည် ။

လွန်ခဲ့သော ၂ နှစ်ခန့် ဆရာဆုံးပါး သွားခဲ့ပြီးနောက် ထိုပန်းပဲဖိုအား တပည့်ထဲတွင် အတော်ဆုံး အယုံကြည်ရဆုံးဖြစ်သော သာကရထံသို့ လက်ဆင့်ကမ်း အမွေပေးခဲ့ရာ ကျန်တပည့်များမှာ မကျေမနပ် ဖြစ်ခဲ့သည် ။ ထိုအချိန် ဘုမ္မဃဘုရင်မသည် လက်နက်အင်အား တိုးမြှင့်ထုတ်လုပ်ရန် ပန်းပဲဆရာများ အလိုရှိသည် ဟု မြို့ရွာအနှံ့ ကြေညာ မောင်းခတ်လိုက်သော် သာကရလက်အောက်တွင် မလုပ်ချင်သော ပန်းပဲလုပ်သား အားလုံးမှာ နန်းတော်သို့ သွားရောက် အမှုထမ်းတော့သည် ။

နောက်ဆုံး ပန်းပဲဖိုတွင် သာကရအပါအဝင် ပန်းပဲလုပ်သား ၅ဦးခန့်သာ ကျန်တော့သည် ။ ထိုကျန်သူများမှာ လည်း နန်းတော်တွင် အမှုထမ်းနေသော တခြားသောသူများ ၏ အဆွယ်ကောင်းမှု ကြောင့် နန်းတော်သို့ လိုက်သွားရန် ပြင်ဆင်နေကြလေပြီ။

သူ့လက်ထက်တွင် တော့ ဤပန်းပဲဖိုအား ပိတ်လိုက်ရတော့မည်လား ... ယုံကြည်စွာ အပ်နှံခဲ့သော ဆရာ့အပေါ် လွန်စွာအားနာ၍ စိတ်မကောင်းဖြစ်မိသည် ။

မနက်ခင်း နေရောင်ခြည်သည် စိမ်းလန်းသော သစ်ပင်များ အပေါ်သို့ ဖြာကျနေသည် ။

သဘာဝ၏ ဆေးပေါင်းအိုးကြီးဖြစ်သော ဂင်္ဂါတောင်တန်းပေါ်တွင်တော့ ကျေးငှက်တွန်မြူး သံများ ဖြင့် သာယာလွန်းနေသည် ။

ဦးဒိပ္ပသည် သစ်ဥတစ်ခုအား အနံ့ခံရင်း မြည်းစမ်း ကိုက်လိုက်သည် ။ ဝတီသည် ကျောက်ဆောင်တစ်ခုပေါ်သို့ ဓားမြှောင်ဖြင့် ဟိုခြစ်ဒီခြစ် ခြစ်ရင်း သူမဘာဝအကြောင်း တွေးနေမိသည် ။

"ဘကြီး ..."

"ဟေး ..."

"အဖေနဲ့ အမေကို ဘယ်တော့မှ သိရမှာ လဲ။ ဝတီမေးတိုင်း တစ်နေ့ပြောပြမယ်။ အချိန် မရောက်သေးဘူးပဲ ပြောနေတာ အချိန်က ဘယ်တော့မှ ရောက်မှာ လဲ ဝတီ သိချင်လှပြီ"

ဘကြီးသည် ဝတီ့အမေးကို ချက်ချင်း တုံ့ပြန်ခြင်းမပြု ဆိတ်ဆိတ်နေသည် ။ ဝတီသည် ဘကြီး၏ နှုတ်မှ ထွက်မည့် သူမမိဘများ အကြောင်းအား မျှော်လင့်တကြီး စောင့်စားနေမိသည် ။ ဘကြီးသည် သက်ပြင်းမသိမသာ ချလိုက်ရင်း ...

"ဟင်း ... သမီးလည်း အရွယ်ရောက် လာပြီဆိုတော့ ဘကြီး ပြောပြပါ့မယ်။ ဒါပေမဲ့ ကတိတစ်ခုတော့ပေး အဲဒီကတိတည်နိုင်မှ ဘကြီးပြောပြမယ်"

"ဘာကတိလဲ ဘကြီး"

"အကြောင်းအရာတွေ အကုန်လုံးသိပြီးရင် အတိတ်က ဖြစ်ခဲ့တာတွေကို မေ့ပစ်ရမယ် ... အမုန်းတွေ အာဃာတတွေ မထားရဘူး ... သမီး

ထိခိုက်မှာ ဘကြီး မလိုလားဘူး"

ဘကြီး၏ စကားကြောင့် ဝတီ ပို၍ သိချင်စိတ် ပြင်းပြနေမိတော့သည်။ ထို့ကြောင့် အလွယ်တကူပင် ကတိပေးလိုက်မိသည်။

"စိတ်ချပါဘကြီး ဝတီ ကတိပေးပါတယ်"

"တကယ်တော့ သမီးဟာ သာမန်ရွာသူတစ်ယောက် မဟုတ်ခဲ့ဘူး ... ရွှေလင်ပန်းနဲ့ အချင်းဆေး မွေးခဲ့တဲ့ မင်းသမီးတစ်ပါး"ဟူ၍ အစချီကာ . ..

ဦးဒိပ္ပ၏ မှိုင်းပျပျ မျက်ဝန်းအစုံသည် အဝေးမှ ရောမြစ်ပြင်ကြီးဆီသို့ ငေးမောရင်း အတိတ်ဆီသို့ တရွေ့ရွေ့ ... တရွေ့ရွေ့

ဘုမ္မဃ နန်းတော်အတွင်းရှိ မြင်းစခန်းတွင် ဖြစ်သည်။ သန်မာထွားကြိုင်းသော နီညိုရောင်မြင်းကို ကြည့်ရင်း ဘုရင်မဇီတာ ကျေနပ်နေမိသည် ။ ထိုမြင်းသည် သူမနှင့် တိုက်ပွဲများ စွာ အတူတိုက်ခဲ့သော အားကိုးရသည့် သူငယ်ချင်းလည်း ဖြစ်ပေသည်။

"ညိုမောင်ကို ချာလဲပေးရဦးမယ် ... ဇျဂ္ဂ"

"မိန့်တော်မူပါ ဘုရင်မ"

"ညိုမောင်အတွက် ချာလဲပေးဖို့ ပန်းပဲဖို ပန်းပဲဆရာတွေရဲ့ လက်ရာကိုလည်း စိတ်တိုင်းမကျ ပေဘူး။ မြို့စွန် ရွာစွန်တွေထိ ကြေညာမောင်းခတ်ပြီး ပန်းပဲဆရာကောင်း ရှိသေးလား စုံစမ်းချေ"

"အမိန့်အတိုင်းပါ ဘုရင်မ"

"တူဝရီးတွေပဲ အပြင်လူလည်း ရှိတာမဟုတ် ဒေါ်လေးကို အပြောအဆို ဆင်ခြင်စရာမလိုပါဘူး ကဲ ... မြားရေးလေ့ကျင့်ကွင်းဘက် သွားရ

အောင်"

ဇီတာဘုရင်မနှင့် ဗျဂ္ဂမင်းသားသည် တူဝရီးဟု ဆိုသော်လည်း ၁၀ နှစ်မျှသာ သက်တော်ကွာသည်။

ဇီတာဘုရင်မသည် ညီလာခံတက်သည့် အချိန်များ တွင် သာ သရဖူ ဆောင်း၍ အဆင်တန်ဆာပြည့် ဝတ်ဆင်သည် ။ ကျန်အချိန်များ တွင် တော့ သာမန်မျှသာ ပေ့ါပေ့ါပါးပါး ဝတ်ဆင်သည်။

ရင်တစ်ပိုင်းပြတ် ခါးတိုကိုယ်ကျပ် အပြာနုရောင်ပဝါစမှာ ပါးလွှာလွန်း၍ ဘုရင်မ၏ ခန္ဓာကိုယ်တွင် ချပ်ရပ်ကာ ကပ်နေသည် ။ ဆံနွယ်များကိုစုကာ မြင့်မြင့်စည်းထား၍ နက်မှောင်သော ဆံနွယ်များ အကြားမှ ဖြူဝင်းကြော့ရှင်းသော ကုပ်သားကိုလည်း တစ်ချက်တစ်ချက် လှမ်းမြင်နေရသည်။

ထဘီစမှာ လည်း ပျော့ပျောင်းနူးညံ့သော ပိုးသားဖြစ်၍ လုံးဝန်းမို့မောက်နေသော တင်စိုင်သား အလှမှာ ပေါ်လွင်သည် ။ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း တုတ်ခိုင်ပြည့်ဖြိုးသော ပေါင်တံကို အထင်းသား တွေ့နေရသည်။ ဘုရင်မဇီတာ၏ အလှကို အနီးကပ်မြင်ရသူ ပုရိသအပေါင်းသွေးသားများ ပူလောင်ထကြွကာ မူးမေ့မတတ် ဖြစ်သွားနိုင်သည်။

ဗျဂ္ဂမင်းသားသည် အဒေါ်ဖြစ်သူ ဇီတာဘုရင်မ၏ နောက်ကျောအလှကို စိတ်ထဲမှ ချီးကျူးလိုက်ရင်း သက်ပန်းဝတီ မင်းသမီးလေးကို ရုတ်တရက် မြင်ယောင်မိသည်။ အဝေးမှ တစ်စွန်းတစ်စ မြင်ရသည့် မင်းသမီးလေး၏ ခန္ဓာကိုယ်မှာ တော့ သွယ်လျကာ ဖျော့တော့လွန်းသည် ။ သူမ၏ ဖြူစင်လွန်းသည့် မျက်လုံးများကိုတော့ မေ့နိုင်မည်မဟုတ်။ သူ၏ အာရုံထဲတွင် သက်ပန်းဝတီ မင်းသမီးလေး၏ မျက်လုံးများကိုသာ မြင်ယောင်နေမိသည်။

"သူမက ယစ်ပူဇော် စတေးခံရမည့် မင်းသမီးပဲ" ဟူ၍ တွေးမိသော် စိတ်မောရပြန်တော့သည် ။

"ဗျူဂ ... စိတ်နဲ့ ကိုယ်နဲ့ လည်း မကပ်ပါလား မည်သည့် အရာများ စိုးထိတ်နေပါသလဲ"

"ခွင့်လွှတ်ပေးပါ ဒေါ်လေး ကျွန်ုပ် ဒီရက်အတွင်း အိပ်ရေးပျက်တာများ သွား၍ စိတ်လွတ်သွားခြင်း ဖြစ်ပါတယ် ဒေါ်လေး ပြန်မိန့်တော်မူပါ "

"တခြားတော့ မဟုတ်ပေဘူး ... ငါတို့ ရဲ့ ဘဏ္ဍာတိုက်နဲ့ လက်နက်တိုက်တွေကို ယခုထက်သာတဲ့ ယန္တရားတွေ တပ်ဆင်ရင် ကောင်းမလားလို့ "

စက်ယန္တရားများ တပ်ဆင်လျှင် စမ်းသပ်ရမည် ဖြစ်သောကြောင့် လူ့အသက်ပေါင်းများ စွာ သေကျေ ပျက်စီးရဦးမည်။ သူ့အနေဖြင့် လူအများ သေဆုံးရမည့် အဖြစ်မျိုး ထပ်၍ မလုပ်ဆောင် စေချင်ပေ။ ထို့ကြောင့် ...

"လက်ရှိ တပ်ဆင်ထားတဲ့ ဓားစက်၊ လှံစက် ယန္တရားတွေကလည်း အတော်လုံခြုံသားပဲ ဒေါ်လေး ... ယခုအချိန်ထိလည်း မည်သူမှ ဝင်ရောက်ဖျက်ဆီးနိုင်ခြင်း မရှိပေဘူး မဟုတ်လား"

ဇီတာဘုရင်မသည် နန်းတော်ပြန်လည် တည်ဆောက်စဉ်ကပင် မဂ္ဂဒေဝ စက်ပညာခေါ် နေစက်၊ လစက်ပညာဖြင့် ဓားစက်၊ လှံစက်၊ လက်နက်စကြာများကို စီရင်ကာ ဘဏ္ဍာတိုက်နှင့် တခြား အရေးပါသော အဆောင်တိုက်များ တွင် လျှို့ဝှက်ယန္တရားများ တပ်ဆင်ခဲ့သည် ။

ထိုအဆောင်တိုက်ထဲသို့ ဝင်ရောက်သူသည် ခလုတ်တစ်ချက် မှားနှိပ်

မိလျှင် နံရံအတွင်းမှ ဓား၊ လှံများ ဝဲပျံလာမည်။ ခြေလှမ်းတစ်လှမ်း မှား လျှင်လည်း မြေအောက်မှ ကတ်ကြေးကဲ့သို့သော လက်နက်များ ထွက် လာကာ ခြေထောက်များကို ဖြတ်ယူပစ်နိုင်သည် ။ ထိုကဲ့သို့သော ယန္တ ရားများ တပ်ဆင်ထားသည် ကို တွေးမိသော် ...

"အိမ်း ... ဟုတ်ပေသားပဲ ငါဘုမ္မဃ ဘုရင်မရဲ့ ယန္တရားတွေကို မည် သူမှ ဖျက်ဆီးနိုင်လိမ့်မည် မဟုတ် ဤလောကတွင် ငါ့လောက်လုပသော သူ ငါ့လောက်ထက်မြက်သော ဘုရင်မ မရှိနိုင်ပြီ ... ဟား ... ဟား ... ဟား"

ဇီတာဘုရင်မ၏ ကွဲအက်ခြောက်ကပ်သော ရယ်သံကြောင့် ဗျက္ကမင်း သားပင် ကြက်သီးများ ထသွားတော့သည် ။

***